AUTHENTIC

MYANMAR Outbound Tour®



comfort to destination

# ဘူတန်

# HIGHLIGHT

## လေယာဉ်စီးချိန်

(၁) နာရီ (၅၅) မိနစ်

## အချိန်ကွာခြားမှု

(–၃၀) မိနစ်

## ရာသီဥတု

မေလ မှ စက်တင်ဘာလ ထိ – 19˚C

ဇွန်လ – 22˚C to 13˚C

ဒီဇင်ဘာလ မှ ဖေဖော်ဝါရီလ ထိ – 13˚C

ဇန်နဝါရီလ – (–2˚C) to 11˚C

## ဘာသာစကား

Dzongkha

## အဓိက အစားအစာ

Rice, Buckwheat, Maize

## သုံးစွဲသည့်ငွေ

Ngultrum (BTN) and Indian rupee (INR)

# AM- BHUTAN 08D/07N
# 2020

## YANGON-THIMPU-PUNAKHA-GANGTEY-PARO

အံ့ဖွယ်ဂန္တဝင်မြောက်သော ဘူတန်နိုင်ငံ၏ သမိုင်းဝင်နေရာများသို့ အလည်တခေါက် သွားရောက်လည်ပတ်ပါမည်။ ဘူတန်နိုင်ငံ၏ ဆွဲဆောင်မှုအကောင်းဆုံးနေရာများ ကတော့ အံ့ဖွယ်ဘုံဗိမာန်ကြီးများ၊ စိမ်းလန်းစိုပြည်သော တောလမ်းမကြီးများ၊ သဘာဝသစ်တောကြီးများ၊ အခြေဘာသာရေး နှင့် ယဉ်ကျေးမှုများ ကညွှဲသည်တော်များကို အမြဲတမ်းဆွဲဆောင် နေပါသည်။ မပြောင်းလဲသော သို့မဟုတ် ခေတ်မှီနေခြင်းကို လစ်လျူရှုထားသော **Paro** မြို့နှင့် **Thimphu** မြို့၏ သဘာဝအလှတရားများသည် အပြည့်အဝဆွဲဆောင်မှုပေးလျှက်ရှိပါသည်။ ပျော်ရွှင်ဖွယ်ကောင်းသော ဒေသခံများ၏ ဖော်ရွေမှုများကို တွေ့မြင်ရပါမည်။ ဘူတန်နိုင်ငံကို အလှပဆုံးသဘာဝ အရင်းအမြစ်နေရာတစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။

## ITINERARY AT A GLANCE

| DAY | DATE | DEPARTURE | TRANSFER | VISIT / FLIGHT | ARRIVE |
|---|---|---|---|---|---|
| DAY 01 | 2020 | YANGON | | BANGKOK | PARO |
| DAY 02 | 2020 | THIMPU | | THIMPU | THIMPU |
| DAY 03 | 2020 | THIMPU | | PUNAKHA | PUNAKHA |
| DAY 04 | 2020 | PUNAKHA | | GANGTEY | GANGTEY |
| DAY 05 | 2020 | GANGTEY | | WANGDIPHODRANG | PUNAKHA |
| DAY 06 | 2020 | PUNAKHA | | PARO | PARO |
| DAY 07 | 2020 | PARO | | PARO | PARO |
| DAY 08 | 2020 | PARO | | BANGKOK | YANGON |

AUTHENTIC MYANMAR Outbound Tour

# AM- BHUTAN 08D/07N 2020

YANGON-THIMPU-PUNAKHA-GANGTEY-PARO

## DAY 01-YANGON - ✈ -BANGKOK - ✈ - 🚌 -PARO



**Yangon** အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာပြီး **Bangkok** အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်သည်။ **Bangkok** အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာပြီး **Paro** အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်သည်။ **Paro** မြို့သို့ရောက်ရှိသည်နှင့် ဒေသခံဧည့်လမ်းညွှန်မှ လာရောက်ကြိုဆိုပြီး **Paro** မှ **Thimphu** သို့သွားရောက်ပြီး ဟိုတယ်တွင် Check In ဝင်ပါမည်။ နေ့လည်စာသုံးဆောင်ပြီးနောက်တွင် **Buddha Point** ဟုနာမည်ကြီးသော **Kuenselphodrang** ဘုရားကြီးသည် အမြင့်ပေ ၅၄ မီတာရှိပြီး **Thimphu** ချိုင့်ဝှမ်းတွင် အမြင့်ဆုံးထိုင်တော်မူစေတီကြီးဖြစ်သည်။ ထိုမှစတင်၍ ၁၉၇၄ ခုနှစ်တွင် ဘူတန်နိုင်ငံ တတိယမင်းဆက် တည်ဆောက်ခဲ့သော **National Memorial Chorten** ဘုရားကျောင်းသို့ သွားရောက်လည်ပတ်ပါမည်။ ညနေခင်းတွင် ဗဟိုအုပ်ချုပ်ရေးနှင့် ဘာသာရေးခံတပ်တစ်ခုဖြစ်သော **Tashichhoe Dzong** သို့သွားရောက်လည်ပတ်ပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ညစာသုံးဆောင်ပြီးနောက်တွင် ဟိုတယ်သို့သွားကာ Check In ဝင်ပြီး အိပ်စက်အနားယူမည် ဖြစ်ပါသည်။

## DAY 02-THIMPHU- 🚌



ဟိုတယ်တွင်နံနက်စာသုံးဆောင်ပြီးနောက်တွင် ၁၆၂၀ ခုနှစ်တွင် **Zhabdrung Ngawang Namgyal** ဘုန်းတော်ကြီး တည်ဆောက်ခဲ့သော **Chari** ဘုန်းတော်ကြီးကျောင်းသို့ သွားရောက် လည်ပတ်ပါမည်။ ထို့နောက်တွင် **Thimphu** သို့သွားရောက်ပြီး **Royal Textile Academy** အနုပညာပြတိုက်သို့သွားရောက်လည်ပတ်ပါမည်။ ထိုပြတိုက်တွင် ယနေ့အချိန်ထိ တည်ရှိနေသော ဘူတန်အမျိုးသားအနုပညာ လက်ရာများကို တွေ့မြင်ရမည်ဖြစ်သည်။ ထို့နောက်တွင် **Folk Heritage** ပြတိုက်သို့ သွားရောက်လည်ပတ်ပါမည်။ ထိုမှတဖန် ၁၉၉၀ ခုနှစ်တွင် တည်ဆောက်ခဲ့သော **သဘာဝစက္ကူစက်ရုံJungshi Home Made Paper Factory** သို့သွားရောက်လည်ပတ်ပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ဟိုတယ်သို့ပြန်ကာ အိပ်စက်အနားယူမည် ဖြစ်ပါသည်။

# AM- BHUTAN 08D/07N 2020

YANGON-THIMPU-PUNAKHA-GANGTEY-PARO

## DAY-03-THIMPHU--PUNAKHA



ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် **Punakha** မြို့သို့သွားရောက်လည်ပါမည်။ ထို့နောက်တွင် **Thimphu** မှ **Dochula Pass** တောင်တန်းသို့စတင်ထွက်ခွာပါမည်။ **Bhutan** နိုင်ငံတောင်ပိုင်း **Dochula Pass** တောင်တန်းတွင် အိန္ဒိယသောင်းကျန်းသူများအား တိုက်ထုတ်ခဲ့သော ၂၀၀၃ ခုနှစ်စစ်ပွဲ အပြီး၌ တည်ဆောက်ထားသည့် စေတီပုထိုး ၁၀၈ ဆူအား သွားရောက်ဖူးမျှော်ပြီး ရာသီဥတု အခြေအနေပေါ်မူတည်၍ ဟိမဝန္တာတောင်တန်းကြီး အားတွေ့မြင်ရပါမည်။ ထိုနောက်တွင် နေ့လည်စာသုံးဆောင်ပြီး ကလေးမွေးဖွားသော ကျောင်းတော် အဖြစ်နာမည်ကြီးသော **Chimi Lhakhang** ကျောင်းတော်သို့ သွားရောက်လည်ပတ်ပါမည်။ ညနေခင်းပိုင်းတွင် ၁၆၃၇-၁၆၃၈ခုနှစ်တွင် **Zhabdrung Ngawang Namgyal** ဘုန်းတော်ကြီးတည်ဆောက်ခဲ့သော **Pungthang Dechen Phodrang Dzong** နန်းတော်သို့သွားရောက် လည်ပတ်ပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။

ဟိုတယ်သို့ပြန်ကာ အိပ်စက်အနားယူမည် ဖြစ်ပါသည်။

## DAY-04-PUNAKHA--GANGTEY

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက်တွင် လမ်းဆုံးအမှတ်သို့ရောက်ရှိရန် ၄၅မိနစ်ခန့် တောင်တက် ရသော **Khamsum Yuelley Namgyal** ကျောင်းတော်သို့ သွားရောက်လည်ပတ်ပါမည်။ လမ်းတလျှောက်တွင် သာယာလှပသော မုန့်ညှင်းခင်း၊ စပါးခင်းနှင့် စိမ်းလန်းစိုပြေသော တောင်တန်းအလှများကို ရင်သတ်ရှူမောဖွယ် မြင်တွေ့ရပါမည်။ ထိုသို့သွားရောက်ကာ ၃-၄ နာရီ မောင်းနှင်ပြီး **Gangtey** တွင် နေ့လည်စာ သုံးဆောင်ပါမည်။ နေ့လည်စာသုံးဆောင်ပြီး **Gangtey** မြို့တွင် လည်ပတ်ပါမည်။ ဆက်လက်၍ **Chorten** နှင့် **Khewang Lhakhang** စသော ဘုန်းတော်ကြီးကျောင်းများသို့ လည်ပတ်ပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။

ဟိုတယ်သို့ပြန်ကာ အိပ်စက်အနားယူမည် ဖြစ်ပါသည်။







## DAY-05-GANGTEY- - PUNAKHA

ဟိုတယ်တွင်နံနက်စာသုံးဆောင်ပြီး Gangtey မြို့တွင် ဆက်လက်လည်ပတ်ပါမည်။ Gangteyမြို့သည် "Phobjikha" အမည်တွင်သော Bhutan နိုင်ငံ၏ အကျော်ကြားဆုံးနေရာတစ်ခုဖြစ်သည်။ ထို့နောက်တွင် အနက်ရောင်လည်ပင်းပုံငှက် **Black Necked Cranes** အားသွားရောက်လေ့လာပါမည်။ ထို့နောက်တွင် **Gangtey** ဘုန်းကြီးကျောင်းသို့ သွားရောက်လည်ပတ်ပါမည်။ ထိုကျောင်းတော်သည် **Nyingmapa** ဗုဒ္ဓဘာသာကျောင်းတော်၏ အဓိကဖြစ်သည်။ ထို့နောက်တွင် Punakha မြို့သို့သွားရောက်လည်ပတ်ပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။

ဟိုတယ်သို့ပြန်ကာ အိပ်စက်အနားယူမည် ဖြစ်ပါသည်။





## DAY-06-PARO



ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက်တွင် Paro မြို့ရှိ **Paro** အမျိုးပြတိုက်သို့ သွားရောက် လည်ပတ်ပါမည်။ ဘုရင် **JimeDorjiWangChuk** လက်အောက်တွင် ရှေးအကျဆုံး **Ta–Dzong** အဆောက် အဦး အားပြုပြင်မွမ်းမံပြီး ၁၉၆၈ခုနှစ်တွင် အမျိုးသားပြတိုက်ကြီး အဖြစ်တည် ဆောက်ခဲ့သည်။ ကြေးဘုရားများ၊ ပန်းချီကားများနှင့် ဘူတန်အနုပညာ လက်ရာများကို ပြတိုက်တွင် တွေ့မြင်ရမည်ဖြစ်သည်။ ထို့နောက်တွင် **Paro Rinpung Dzong** သို့သွားရောက်လည်ပတ်ပါမည်။ ထိုမှတဖန် ၁၆၄၆ခုနှစ်တွင် **ZhabdrungNgawangNamgyal** ဘုန်းတော်ကြီး တည်ဆောက်ခဲ့သည့် **DrygyelDzong** သို့ သွားရောက်လည်ပတ် ပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။

ဟိုတယ်သို့ပြန်ကာ အိပ်စက်အနားယူမည် ဖြစ်ပါသည်။

## DAY-07-PARO-



ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက်တွင် **Tiger's Nest** ဘုန်းတော်ကြီးကျောင်းသို့သွားရောက်လည် ပတ်ပါမည်။ **Tiger's Nest (Taktsang)** ကျောင်းတော်ကြီးသည် ဟိမဝန္တာတဝိုက်တွင် မြင့်မြတ်သော ကျောင်းတော်ကြီး ဖြစ်ပါသည်။ ၄င်းကျောင်းတော်ကြီးကို အမြင့်ပေ ၂၀၀၀ ခန့် မြင့်မားသော ကျောက်ကမ်းပါးပေါ်တွင် တောင်တန်းများကိုဖြတ်သန်းလာ၍ နောက်ကျောပေါ်မှ အစက်အပြောက်များကိုရည်ညွှန်း၍ အမည်ပေးထားခြင်းဖြစ်သည်။ ညနေပိုင်းတွင် ရိုးရာအက ကပြဖျော်ဖြေမှုကို ကြည့်ရှုပြီးပါမည်။

နေ့လည်စာနှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ဟိုတယ်သို့ပြန်ကာ အိပ်စက်အနားယူမည် ဖြစ်ပါသည်။

## DAY-08-PARO-



ဟိုတယ်တွင် နံနက်စာသုံးဆောင်ပါမည်။
နံနက်စာသုံးဆောင်ပြီးနောက်တွင် ခရီးစဉ်ပြီးဆုံးပြီဖြစ်ပါသဖြင့် လေဆိပ်သို့လိုက်လံ ပို့ဆောင်ပေးပါမည်။ **Paro** အပြည်ပြည်ဆိုင်ရာ လေဆိပ်မှစတင်ထွက်ခွာပြီး **Bangkok** အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောရှိမည်ဖြစ်သည်။ **Bangkok** အပြည် ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာပြီး **Yangon** အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ရောက်ရှိမည်ဖြစ်သည်။

**~~ ဘူတန်ခရီးစဉ် ပျော်ရွှင်စွာပြီးဆုံးပါပြီ ~~**